တူဒေးစာအုပ်တိုက်



ဗိုလ်ချုပ်ကြီး ပက်တန်၏

# တစ်မိနစ် အမှာစကား

မင်းဗထူး

# ထုတ်ဝေသူအမှာ

'ဘဝဟူသည် တိုက်ပွဲ'။ လူ့လောက လူ့ဘဝတွင် ရှင်သန်ရပ် တည်နိုင်ရေးအတွက် ကျွန်တော်တို့ တစ်တွေ တိုက်ပွဲမျိုးစုံကို တိုက်နေ ကြရသည် ။ အချုပ်အခြာ အောင်နိုင်ရေး၊ ဈေးကွက်အောင်နိုင်ရေး စသည့် တို့အတွက် တိုက်ကြရခြင်းပင်။ တိုက်ပွဲနယ်ပယ်၊ လက်နက် ပစ္စည်းတို့ ခြားနားသော်လည်း နည်းဗျူဟာများကတော့ ဆင်တူသည် ဟု ဆိုနိုင်သည် ။ စစ်ပွဲအားပြိုင်မှုများ တွင် စစ်ဦးစီးချုပ်၊ တပ်မှူး၊ စစ်သည် ၊ စစ်ကစားမှု၊ ရန်သူ၊ သတ်ဖြတ်နိုင်ခြင်း စသည် တို့ ရှိသလို စီးပွားရေး အားပြိုင်မှုများ တွင် စီအီးအို၊ မန်နေဂျာ၊ ဝန်ထမ်း၊ ဈေးကွက် ရှာဖွေခြင်း၊ ပြိုင်ဘက်ထုတ်လုပ်သူများ ၊ အကောင်းဆုံးပစ္စည်းထုတ် လုပ်နိုင်ခြင်း စသည် တို့ ပါဝင်သည် ။ မည်သို့ပင်ဆိုစေ တိုက်ခိုက်နေခြင်း၏ အန္တိမ ပန်းတိုင်မှာ အောင်နိုင်ရေးပင်ဖြစ်သည် ။ တိုက်ပွဲတစ်ခုအောင်နိုင်ရေး သည် ခေါင်းဆောင်၏ စီမံခန့်ခွဲနိုင်စွမ်းနှင့် လက်အောက်ငယ်သားတို့ ၏ ပူးပေါင်းအားထုတ်နိုင်စွမ်းတို့ အပေါ် အဓိကတည်မှီနေသည် ။ အထူး သဖြင့် ခေါင်းဆောင်ဖြစ်သူသည် ကိုယ်ကျိုးမငဲ့သူ၊ ရဲရင့်သူ၊ တီထွင်နိုင် သူဖြစ်ဖို့ လိုသလို မိမိအဖွဲ့အစည်းအတွင်း မှန်ကန်သောပျိုးထောင်မှု၊ စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်သူလည်း ဖြစ်ဖို့ လိုသည် ။

ဤစာအုပ်ပါသင်ခန်းစာများ သည် အထက်ပါအရည်အသွေး များ နှင့် ပြည့်ဝသော ဗိုလ်ချုပ်ကြီးဂျော့အက်စ်ပက်တန်၏ ခေါင်းဆောင် မှုစွမ်းရည်များ ၊ အမှာ စကားများ ဖြစ်သည် ။ စာရေးသူ Charles M. Province

က အဆိုပါသင်ခန်းစာများကို စီးပွားရေးအယူအဆများ နှင့် ယှဉ်တွဲတင်ပြထားခြင်းလည်း ဖြစ်သည် ။ သို့ဖြစ်ရာ စာဖတ်သူတို့ အနေဖြင့် ဤစာအုပ်ပါသင်ခန်းစာများကို မိမိစိတ်ကြိုက်နယ်ပယ် အတွက် အသုံးပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည် ။

**တူဒေးစာအုပ်တိုက်**

*



General George S. Patton Jr.

စစ်ပွဲသည် သဘောထားကွဲလွဲခြင်းအရေးအခင်း ဖြစ်သည် ။ တိုက်ခိုက် ခြင်းသည် ရှင်သန်လိုမှုအတွက် သက်တမ်းရှည်ကြာလှပြီဖြစ်သော အခြေခံကျသည့် အားထုတ်မှုဖြစ်သည် ။ တိုက်ခိုက်ခြင်းနှင့် ပတ်သက်၍

-တစ်ဖက်လူ၏ ခံစစ်စည်းကို ဦးစွာထိုးဖောက်ဝင်ရောက်သည် မှာ ရန်သူကို စူးစမ်းရှာဖွေနေသော ချွန်မြသည့် လှံစွပ်ထိပ်ဖျား မဟုတ်၊ အေးဆေးပြီးတောက်ပနေသည့် တိုက်ခိုက်သူ၏ မျက်လုံးအစုံသာ ဖြစ် သည် ။

-ကတုတ်ကျင်းများကို သိမ်းပိုက်နိုင်သည် မှာ တင့်ကား၏ စက်ယန္တရား ပြည့်စုံကောင်းမွန်မှုကြောင့် မဟုတ်၊ ရန်သူကို အနီးကပ်တိုက်ခိုက်ချေမှုန်းလိုသော တင့်ကားမောင်းသမား၏ ရဲရင့်သောသန္နိဋ္ဌာန်စိတ်ကြောင့် သာဖြစ်သည် ။

-ရန်သူကိုအပျက်အစီးနှင့် မီးပုံများ အကြား အရပ်ကြိုးပြတ်လုပ်ထားခဲ့ သည် မှာ လေယာဉ်ပေါ်မှ စက်သေနတ်၏ တိကျကောင်းမွန်မှုကြောင့် မဟုတ်၊ တိုက်ခိုက်မှုတွင် တစ်ဖက်လူများအား ရုတ်တရက် ကပ်ဆိုးကျ ရောက်သွားစေရန် ပြုလုပ်လိုသည့် လေသူရဲ၏ တက်ကြွမှုကြောင့် ဖြစ် သည် ။

-သို့သော်လည်း စာအုပ်များ တွင် စက်လက်နက်ပစ္စည်းများ နှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံအသေးစိတ်ဖော်ပြနေကြပြီး စစ်သည် တော် တစ်ယောက်၏ စိတ်ဓာတ်ထက်မြက်မှုကိုကား စာမျက်နှာ အနည်း ငယ်၌သာ ဖော်ပြကြသည် ။

ဤနည်းဖြင့် အချက်အချာကျသော စိတ်အားထက်သန်မှုသည်

စစ်ပွဲပြီးဆုံးသွားပြီးနောက် လက်ဆုပ်လက်ကိုင် မပြနိုင်ဖြစ်နေလင့် ကစား စစ်ပွဲများ တွင် 'တိုက်ပွဲဝင်စစ်သည် တော်စိတ်ဓာတ်' သည် ကားလျှပ်ပြက်သကဲ့သို့ အထင်အရှားပေါ်လွင်နေပါသည်။ 'တိုက်ပွဲဝင်စစ် သည် တော်စိတ်ဓာတ်' ကို ရယူရန်နှင့် ထိုစိတ်ဓာတ်ဖြင့်အောင်ပွဲခံရန်၊ သို့မဟုတ် ဂုဏ်သိက္ခာရှိစွာကျဆုံးရန် အခိုင်အမာ စိတ်ပိုင်းဖြတ်ထား ခြင်းသည် ပင်လျှင် အောင်နိုင်ခြင်း၏ လျှို့ဝှက်ချက်ဖြစ်ပါသည်။

ဂျော့ အက်စ်ပက်တန်

အောင်နိုင်ခြင်း၏ လျှို့ဝှက်ချက်၊ ၁၉၂၆ ခုနှစ်

*